ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

ရုံးတွင်းအမိန့်စာအမှတ် ( ၈ /၂၀၁၅)

အကြောင်းအရာ။ SO (အထူးအမိန့်) သွင်းကုန်ကြေညာလွှာဖြင့် ရှင်းလင်းခွင့်ဆိုင်ရာ ကတိဝန်ခံချုပ် ရက်လွန်ဒဏ်ကြေး(Direct Penalty) များသတ်မှတ်မှုနှင့် Deposit ငွေကောက်ခံထားမှုဆိုင်ရာ လုပ်ထုံးပြဋ္ဌာန်းချက်

၁။ သွင်းကုန်ပစ္စည်းများကို ရှင်းလင်းထုတ်ယူခွင့်ပြုရာတွင် ကုန်တင်သွင်းသူ၊ ဌာနအဖွဲ့အစည်းများအနေနှင့် အောက်ပါပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန၊ အထူးအမိန့် လုပ်ငန်းစုတွင် SO (Special Order) ဖြင့် အထူးအမိန့်သွင်းကုန်ကြေညာလွှာ တင်သွင်းလျှောက်ထားရန် ခွင့်ပြုထားပါသည်-

(က) ပုပ်သိုးပျက်စီးလွယ်သောပစ္စည်းများ၊

(ခ) သက်ရှိသတ္တဝါများ၊ သက်ရှိအပင်များ၊ သေဆုံးသူ၏ရုပ်ကလာပ် စသည့် အမျိုးအစားများ၊

(ဂ) အန္တရာယ်ရှိသောပစ္စည်းများ (Dangerous Cargo)၊ အပူချိန် အကန့်အသတ်ဖြင့်ထားရှိရသောရောဂါကာကွယ်ဆေးများ၊

(ဃ) မဖြစ်မနေထုတ်ပေးရန် လိုအပ်သည့် ပစ္စည်းများ၊

၂။ ကျန်ကုန်ပစ္စည်းများအား ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ ယင်းသို့လျှောက်ထားရာတွင် နိုင်ငံတော်မှရသင့်သော အခွန်အခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် သက်ဆိုင်ရာ ဌာနအကြီးအကဲများ၏ ဝန်ခံချက်ဖြင့် ခွင့်ပြုပေးခြင်းဖြစ်သည့်အပြင် ဝန်ခံချက်များ ချိုးဖောက်ပါက ပေးဆောင်ရမည့် ဒဏ်ကြေးများကိုပါ ပေးဆောင်ရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၄။ ရက်လွန်ဒဏ်ကြေး (DP) တွက်ချက်ရန်ကာလကို ကုန်ပစ္စည်းများ ရှင်းလင်းထုတ်ယူသည့်နေ့မှစ၍ စည်းကြပ်အရာရှိထံ သက်ဆိုင်ရာစာရွက်စာတမ်းအစုံအလင်နှင့် အခွန်အရပ်ရပ် (CD,CT) တွက်ချက်စည်းကြပ်ရန် တင်သွင်းသည့် ရက်စွဲအားသတ်မှတ်မည်ဖြစ်ပါသည်။

၅။ အထူးအမိန့်ဖြင့် ဆောင်ရွက်သောအမှုတွဲများ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မရှင်းယင်းနိုင်သဖြင့် နိုင်ငံတော်အတွက် အခွန်ငွေများရရှိမှု ၊ နစ်နာဆုံးရှုံးခြင်း မဖြစ်ပေါ်စေရန်Deposit

ငွေများကြိုတင်ကောက်ခံထား၍ ဒဏ်ကြေးသတ်မှတ်ချက်ကို အောက်ပါအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) **Deposit ငွေကောက်ခံမှု။** နိုင်ငံတော်ဘတ်ဂျက်ဖြင့်တင်သွင်းသော အစိုးရဌာနများနှင့် UN ၊ သံရုံးနှင့်နိုင်ငံတကာ အဖွဲ့အစည်းများအတွက်မှ ကင်းလွတ်ခွင့်ပြု၍ ပုဂ္ဂလိက ကုမ္ပဏီများအတွက် ဆောင်ရွက်မည့် SO အမှုတွဲအလိုက် အောက်ပါအတိုင်း ကောက်ခံပါမည်-

(၁) အခွန်ပေးဆောင်ရန်လိုသော Case များအတွက် ကျသင့်မည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်တို့အား တွက်ချက်၍ စုစုပေါင်း ကျသင့်ခွန်(၂) ရပ်၏ ၁၂၀% ကို Deposit ကောက်ခံရန် ၊

(၂) အခွန်ကင်းလွတ်ခွင့်ရသော Case များအတွက် အကောက်ခွန်၊ကုန်သွယ်လုပ်ငန်းခွန်တို့အားတွက်ချက်၍ စုစုပေါင်း ကျသင့်ခွန်(၂)ရပ်တန်ဖိုး ၏၂၀% ကို Deposit ကောက်ခံရန် ၊

(ခ) **ရက်လွန်ဒဏ်ကြေးသတ်မှတ်ချက်။** အထူးအမိန့် (SO) ဖြင့် ရှင်းလင်းထုတ်ယူသောအမှုတွဲများအား ရက် ၃၀ အတွင်း စာရင်းရှင်းလင်းရမည်။ ရက် (၃၀) ကျော်လွန်ပါက ရက်လွန်ဒဏ်ကြေး(Direct Penalty) အားကျသင့်ခွန် အရပ်ရပ်၏ ၅% ကို ကောက်ခံရန် ၊

(ဂ) အထူးအမိန့်အမှုတွဲများအား ID ဖွင့်လှစ်သည့်နေ့ရက်မှစတင်၍ **တစ်နှစ်အတွင်း စာရင်းရှင်းလင်းပြီးပြတ်ရမည်**ဖြစ်ပါသည်။ စာရင်းရှင်းလင်းခြင်း မပြုပါက Deposit ငွေများမှ ကျသင့်အခွန်အရပ်ရပ်နှင့် ရက်လွန်ဒဏ်ကြေးများအား ခုနှိမ်စာရင်း ရှင်းလင်း၍ အမှုတွဲအားပိတ်သိမ်းရန် ။

အထူးအမိန့်ဖြင့် တင်သွင်းခွင့်ပြုရန်ကြေညာလျှောက်ထားသော ကုန်ပစ္စည်းများအား မြေပြင်စစ်ဆေးသည့်အခါတွင် မျက်မြင်စစ်ဆေးတွေ့ရှိချက်နှင့် ကြေညာချက်တို့ ကွဲလွဲတင်သွင်းလာကြောင်း စစ်ဆေးတွေ့ရှိရပါက အမှန်တင်သွင်းလာသည့် ကုန်ပစ္စည်း၏ ကျသင့်သည့် အခွန်(၂) ရပ်ပေါင်းပေါ်တွင် Deposit ငွေကို ထပ်မံတွက်ချက်ကောက်ခံသွားမည်ဖြစ်သည်။

၇။ ဝန်ခံချက်ချိုးဖောက်သော ကိစ္စရပ်များအပေါ်တွင်လည်း ဝန်ခံချက်ပေးထားသည်နှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပြီး ရှင်းလင်းခြင်းမပြုဘဲ ကြွေးကျန်အထူးအမိန့် သွင်းကုန်ကြေညာလွှာများဖြစ်ပေါ်နေသော အဖွဲ့အစည်းများကိုလည်း နောင်တွင်အထူးအမိန့်ဖြင့် ရှင်းလင်းထုတ်ယူခွင့်လျှောက်ထားချက်များကို အကြွေးစာရင်းမရှင်းသမျှ ငြင်းပယ်သွားရမည်ဖြစ်သည်။

၈။ ဤရုံးတွင် အမိန့်စာသည်(၁-၅-၂၀၁၅) ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။ ယခင်ထုတ်ပြန်ထားရှိခဲ့သည့် အမြဲတမ်းအမိန့်အမှတ် (၂/၉၁)၊ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၂၁/၉၁)၊ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃၀/၉၃)၊ ရုံးတွင်းအမိန့်စာအမှတ် (၆၀၁/၉၈) တို့အား ဤရုံးတွင်း အမိန့်စာ စတင်အတည်ပြုသည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

ထွန်းသိန်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ် ၊ ၃၃-၀ထ / ၂၀၁၅ ( ၄၃၀ )
ရက်စွဲ ၊ ၂၀၁၅ခုနှစ်၊ ဧပြီ လ ၂၄ ရက်

ဖြန့်ဝေခြင်း

ညွှန်ကြားရေးမှူးများ

ဒုတိယညွှန်ကြားရေးမှူးများ/ရေယာဉ်မှူးများ

ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများ

လက်ထောက်ညွှန်ကြားရေးမှူးများ (ရုံးကာ/ရုံးရာ/နယ်/စစရ/ရုံးချုပ်/ဝန်ထမ်း/ထောက်ပို့/ဘဏ္ဍာ)

Group I,II,III/So/CMP/Export/Value/ယာဉ်စိမံချက်(၁/၂) ဆိပ်ကမ်းများအားလုံး

မိတ္တူကို

- ဝန်ကြီးရုံး၊ဘဏ္ဍာရေးဝန်ကြီးဌာန (အပို ၃ စောင်)
- ညွှန်ကြားရေးမှူးချုပ်
- ဒုတိယညွှန်ကြားရေးမှူးချုပ်
- ဥပဒေရေးရာဌာနစု
- စီမံရေးရာဌာနခွဲ (ကွန်ပျူတာဌာနစိတ်)
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ
- မျှောစာတွဲ